# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်အမှတ်၃ /၂၀၁၁</u>

နေပြည်တော်၊ ၁၃၇၃ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေ၊ ပုဒ်မ ၃(၁) အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပမှတင်သွင်းခွင့်မပြုသောပစ္စည်းများကို ပြင်ဆင်သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်လိုက်သည်-

### ပြည်ပမှ တင်သွင်းခွင့်မပြုသော ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေ၊ ပုဒ်မ ၃(၁) အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မှတ်ပုံတင်ထားသော ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

- (က) Chewing Gum
- (ခ) Cake
- (ဂ) Wafer
- (ဃ) Chocolate
- (င) အရက်
- (စ) ဘီယာ
- (ဆ) စီးကရက်
- (ဇ) တည်ဆဲဥပဒေအရ ကန့်သတ်ထားသောပစ္စည်းများ

၂။ ပြည်ပမှ တင်သွင်းခွင့်မပြုသော ပစ္စည်းများကို ပြည်တွင်းဈေးကွက် လိုအပ်ချက် အခြေအနေများ အပေါ်မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင် ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဤအမိန့်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက် နေ့စွဲပါ အမိန့်အမှတ်- ၉ / ၉၉ နှင့် ၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် နေ့စွဲပါ အမိန့်အမှတ် ၂/၂၀၀၀ အား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)ဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက-၁၁/၂-၁၈/၂၀၁၁( ၃၅ )

နေပြည်တော်၊ ၁၃၇၃ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ၃ ရက်

(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၃။ လွှတ်တော်ရုံး

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၅။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

၆။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး

၇။ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအားလုံး

၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံး

၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၀။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

၁၁။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ

၁၂။ အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၁၃။ ညွှန်ကြားရေးမှူးချုပ်၊အကောက်ခွန်ဦးစီးဌာန

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ပြည်တွင်းအခွန်များဦးစီးဌာန

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ငါးလုပ်ငန်းဦးစီးဌာန

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၇။ ညွှန်ကြားရေးမှူးချုပ်၊စီမံကိန်းရေးဆွဲရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန

၁၈။ ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

၁၉။ ညွှန်ကြားရေးမှူးချုပ်၊နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

၂၀။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့စီးပွားရေးဘဏ်

၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၄။ ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမိန့်အရ

(တိုးအောင်မြင့်)

ရုံးအဖွဲ့မှူး